# About the Journal — လွှပ်လပ်သော မြန်မာ့ သုတေသန ဂျာနယ်

From 1911 until it was closed by the military in 1980, the **Journal of the Burma Research Society** covered virtually all subjects pertaining to Burma and functioned as a journal for all comers — archaeologists, linguists, historians, epigraphers, ethnographers, art historians.

**ဗမာ့သုတေသနအသင်းဂျာနယ်** (the **Journal of the Burma Research Society** )သည် ၁၉၁၁ မှ စစ်အစိုးရပိတ်သိမ်းခဲ့ချိန်၁၉၈၀ တိုင်အောင် ပညာရပ်အားလုံးနီးပါးကို ဗမာပြည်နှင့် ဆက်စပ်တင်ပြပေးခဲ့သောဂျာနယ်ဖြစ်ပြီး ရှေးဟောင်းသုတေသန၊ ဘာသာဗေဒ၊ သမိုင်း၊ ကျောက်စာပေစာ၊ တိုင်းရင်းသားမျိုးနွယ်ဓလေ့ နှင့် အနုပညာသမိုင်းစသောနယ်ပယ်များမှ ပညာရှင်ကြီးငယ် အားလုံးအတွက် အားထားရာ ဂျာနယ်တစ်စောင်အဖြစ် သက်ဝင်လည်ပတ်ခဲ့သည်။

Given the **Journal**'s important role and, for the half century after the 1962 military takeover, the disastrous state of Burmese universities and professional associations, an organizing committee of seven young Burmese scholars and three Western scholars of Burma formed with a mission to re-establish, in both digital and physical format, the old **Journal** for Burmese scholars in the humanities and social sciences.

၁၉၆၂ စစ်တပ်အာဏာသိမ်းချိန် မှစ၍ ရာစုဂက်ခန့် ဗမာ့တက္ကသိုလ်များ နှင့် ပညာရှင်အဖွဲ့အစည်းများ၏ အာဏာရှင်ကပ်သင့် နှံ့ချာဆိုးရွားသော အခြေအနေကြောင့် မြန်မာလူငယ်ပညာရှင် ၇ ယောက်နှင့် မြန်မာပြည်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူ အနောက်တိုင်းပညာရှင် (၃) ဦးတို့မှ အဆိုပါဂျာနယ်၏ အရေးပါသောအခန်းကဏ္ဍ သုံးသပ်မိပြီး ပြန်လည်ထုတ်ဝေနိုင်ရန် ဖြစ်မြောက်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ပါသည်။

ဦးတည်ချက် မှာ လူမှုဘာသာရပ်များ(Humanities) နှင့် လူမှုသိပ္ပံ(Social Science) နယ်ပယ်မှ မြန်မာပညာရှင်များ၏ မူလ **မြန်မာ့သုတေသနအသင်းဂျာနယ်** ( the Journal of the Burma Research Society) ကို ပုံနှိပ်၊ အွန်လိုင်း ပုံစံနှစ်မျိုးဖြင့် ပြန်လည်ထုတ်ဝေရန်ဖြစ်သည်။

The term “independent” in our title is meant to emphasize our total independence from any government agency or body in Burma or abroad.

ဂျာနယ်ခေါင်းစဉ်မှ လွပ်လပ်သော သို့မဟုတ် Independent ဟူသောစကားလုံးသည် မြန်မာအပါအဝင် အခြားမည်သည့်အစိုးရ လက်အောက်ခံ အဖွဲ့အစည်းအားလုံးထံမှ ခြွင်းချက်မရှိ အမှီအခိုကင်းမှုကို ပေါ်လွင်စေရန်ဖြစ်သည်။

They originally met at Yale University in 2011, well before the political opening in Burma. မြန်မာပြည်နိုင်ငံရေးပွင့်လင်းမှုများမတိုင်မီ ၂၀၁၁ ကတည်းက ဖြစ်မြောက်ရေးကော်မတီသည် ရေးတက္ကသိုလ်တွင် စတင်စုစည်းမိခဲ့သည်။

Once it became clear that political conditions in Burma might allow operation in Burma with open participation, the group added six members based permanently in Burma and planned for a physical (printed) as well as digital version of the revived **Journal** and eventual operation from Burma.

နိုင်ငံရေးအခြေအနေအရ ဂျာနယ်ထုတ်ဝေရေးလုပ်ငန်းကို ပြည်တွင်းမှ ပွင့်လင်းစွာ ပါဝင်နိုင်ချိန်မှာ ကော်မတီကို အမြဲတမ်းဌာနေအဖွဲ့ဝင် ၆ းဦးထပ်တိုးလိုက်ပြီး ယခင် **ဗမာ့သုတေသနအသင်းဂျာနယ်** (the **Journal of Burma Research Society**) ကို ပုံနှိပ်မှု အွန်လိုင်းမှု နှစ်ခုအဖြစ် ပြန်လည်အသက်သွင်းရန်နှင့် နောက်ပိုင်း ပြည်တွင်းမှဆောင်ရွက်ရန်အလားအလာများကိုပါ စီစဉ်ခဲ့ပါသည်။

The project successfully raised funds (from Yale University, Open Society Foundations [formerly the Open Society Institute], and the Luce Foundation) for their simple idea: **hold open thematic workshops, then publish the best of the proceedings, in Burmese and English, as a physical and digital journal, the Independent Journal of Burmese Scholarship.**

ကော်မတီ၏ ရိုးရှင်းသောစိတ်ကူးမှာ

> **"' ပညာရပ် နယ်ပယ်စုံ ဆွေးနွေးပွဲများ လွပ်လပ်စွာ ကျင်းပပြီး ထိုဆွေးနွေးပွဲများမှအကောင်းဆုံးလက်ရာများကို ဗမာ အင်္ဂလိပ်နှစ်ဘာသာနဲ့ ပုံနှိပ်ဂျာနယ်၊ အွန်လိုင်းဂျာနယ် များ အဖြစ် ထုတ်ဝေရန်'"** ဖြစ်သည်။ ထိုစိတ်ကူးကို အကောင်အထည်ဖော်ရန် လုပ်ငန်းရံပုံငွေကို ရေးတက္ကသိုလ်(Yale University)၊ ပွင့်လင်းလူ့အဖွဲ့အစည်း [Open Society Foundations (ယခင် the Open Society Institute)] နှင့် လုစ့်ဖောင်ဒေးရှင်း (the Luce Foundation)တို့မှ အောင်မြင်စွာ ကောက်ခံနိုင်ခဲ့ပါသည်။

This website introduces the founders of the new **Journal**, explains their history, provides information about the workshop schedules as they develop, and will eventually allow for real-time feedback on each thematic issue of the journal as it is published

ကျွဂက်ဆိုက်သည် **လွပ်လပ်သော မြန်မာ့ သုတေသန ဂျာနယ်**ကို အသစ်ပြန်လည် တည်ထောင်သူများအကြောင်း မိတ်ဆက်ရှင်းပြပေးရန်၊ တိုးတက်ဖွံဖြိုးလာသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲအစီအစဉ်များ ထုတ်ပြန်ပေးပြီး စာစဉ်အလိုက် ဘာသာရပ်နှင့်စပ်လျဉ်းသော ဝေဖန်ဆွေးနွေးမှုများ အချိန်နှင့်တပြေးညီ ပြုလုပ်နိုင်ရန်ဖြစ်သည်။

The **Journal** and everything on our website will be published in both English and Burmese.

**လွပ်လပ်သော မြန်မာ့ သုတေသန ဂျာနယ်** စာစဉ်တိုင်း နှင့် ဂဖ်ဆိုတ်ပါ အကြောင်းအရာအားလုံးကို အင်္ဂလိပ် မြန်မာ နှစ်ဘာသာ ထုတ်ဝေပါမည်။